# ပုဂ္ဂလိကသစ်မာမျိုးစုံစိုက်ခင်း တည်ထောင်ခြင်းဆိုင်ရာ စည်းကမ်းချက်များ

(၁) ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ရန်အတွက် မြေငှားရမ်းခြင်းကို နှစ်(၃၀)မြေငှားရမ်းခရမ် စနစ်ဖြင့် ခွင့်ပြုသည်။

(၂) လုပ်ကိုင်ခွင့်ပြုထားသည့်မြေပေါ်တွင် သတ်မှတ်ထားသည့်နှစ်ကာလအတွင်း ဧရိယာအားလုံး (သို့) သစ်တောဦးစီးဌာနမှ ကင်းလွတ်ခွင့်ပြုထားသည့် ဧရိယာမှအပ ကျန်မြေဧရိယာ အားလုံး အပြည့်အဝစိုက်ပျိုးရမည်။

(၃) လုပ်ကိုင်ခွင့်ပြုထားသည့် မြေပေါ်တွင် သစ်တောစိုက်ခင်းကို အနှောက်အယှက်မပြုသည့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ (Agro-forestry)လုပ်ငန်းမှအပ အခြားလုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရ။

(၄) သစ်တောစိုက်ခင်းစတင်စိုက်ပျိုးပြီး စာချုပ်ချုပ်ဆိုသည့်နေ့မှစတင်၍ တစ်နှစ်လျှင်မြေငှားရမ်းခ(၁)ဧကေ ၂၀၀ိ/-နှုန်းဖြင့် လုပ်ကိုင်ခွင့်ရရှိသူက သစ်တောဦးစီးဌာနသို့ နှစ်စဉ်ပေးသွင်းရမည်။

(၅) စာချုပ်ချုပ်ဆိုသည့်နေ့တွင် ပထမနှစ်အတွက် သတ်မှတ်အခွန်တော်ကို ပေးသွင်းရမည်။ ဒုတိယနှစ်မှစ၍ နှစ်စဉ်နှစ်ကုန်ပြီး တစ်လအတွင်း ပေးသွင်းရမည်။

(၆) မြေငှားရမ်းခနှုန်းကို သစ်တောဦးစီးဌာနက အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

(၇) ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ရာတွင် စိုက်ပျိုးခြင်းနှင့် ပြုစုထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ နည်းစနစ်များကို သစ်တောဦးစီးဌာနမှ အကူအညီ တောင်းခံရယူနိုင်ပါသည်။

(၈) သစ်တောစိုက်ခင်းတည်ထောင်ရာတွင် သဘာဝဝန်းကျင်ယိုယွင်းပျက်စီးမှုမရှိစေရေးအတွက် သစ်တောဦးစီးဌာနမှ သတ်မှတ်ပြဌာန်းထားသည့် သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် ပြုစုထိန်းသိမ်းခြင်းဆိုင်ရာ နည်းစနစ်များနှင့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(၉) ခွင့်ပြုထားသည့် မြေပေါ်တွင် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း မပြုရ။

(၁၀) ခွင့်ပြုထားသည့် ဧရိယာအတွင်း သတ္တု၊ ကျောက်၊ မြေနှင့်သဲတူးယူခြင်းမပြုရ။

(၁၁) ခွင့်ပြုထားသည့်ဧရိယာအတွင်း ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ အခြားဥယျာဉ်ပုံစံမျိုး စိုက်ပျိုးခြင်း မပြုရ။

(၁၂) ခွင့်ပြုထားသည့်မြေကို ထပ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း(သို့) တစ်ခြားနည်းလမ်းဖြင့် လွှဲပြောင်းပေးအပ်ခြင်းမပြုရ။

(၁၃) ဆက်လက်စိုက်ပျိုးလုပ်ကိုင်လိုခြင်းမရှိပါက သစ်တောဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

(၁၄) တည်ထောင်ပြီးစိုက်ခင်းများအား ပြုစုထိန်းသိမ်းစောက့်ရှောက်ရန်အတွက် ယာယီနေအိမ်/ တဲများမှအပ အခြားအဆောက်အအုံများကို စိုက်ခင်းအတွင်း ဆောက်လုပ်ခြင်းမပြုရ။

(၁၅) သစ်တောစိုက်ခင်းအတွင်း ပင်ကျဲပ်နှုတ်ခြင်းနှင့် နောက်ဆုံးတောထွက် (Final Yield) ထုတ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ရယူပြီး သတ်မှတ်ထားသည့် တံဆိပ်အမှတ်အသားများ ရိုက်မှတ်ပြီးမှသာ ခုတ်လှဲခြင်း၊ ထုတ်ယူခြင်း ပြုရမည်။

(၁၆) သစ်တောစိုက်ခင်းမှ ထွက်ရှိသည့် မျော၊ တိုင်နှင့် သစ်လုံးများကို စိုက်ခင်းဧရိယာအတွင်း၌ သစ်တောဦးစီးဌာနမှ အကောက်တံဆိပ်ရိုက်မှတ်ပြီးသည့်အခါ သတ်မှတ်စည်းကြပ်သည့် အခွန်ငွေကို ပေးသွင်းရမည်။

(၁၇) အခွန်ငွေပေးဆောင်ပြီးသော မျော၊ တိုင်နှင့် သစ်လုံးများကို နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများ၊ သစ်တောဦးစီးဌာန၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်တွင်းသုံးစွဲရန် အတွက် ရောင်းချနိုင်သည်။

(၁၈) သစ်တောစိုက်ခင်းမှ ထွက်ရှိသည့် မျော၊ တိုင်နှင့် သစ်လုံးများကို ပြည်ပသို့ တင်ပို့ရောင်းချလိုပါက မြန်မာ့သစ်လုပ်ငန်းသို့ ဆက်သွယ်ညှိနှိုင်း၍ တည်ဆဲလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(၁၉) ချုပ်ဆိုခဲ့သော စာချုပ်သည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခွင့်ရရှိသူ ဦး/ဒေါ်---------၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်၊---------တို့နှင့် သက်ဆိုင်စေရမည်။

(၂၀) ဖော်ပြပါစည်းကမ်းချက်တစ်စုံတစ်ရာကို ချိုးဖောက်ပါက စာချုပ်ဖျက်သိမ်းခြင်း၊ လုပ်ကိုင်ခွင့်ပြုထားသည့်မြေကို သစ်တောဦးစီးဌာနမှ ပြန်လည်သိမ်းဆည်းခြင်းခံရမည်။

(၂၁) အထက်ဖော်ပြပါစည်းကမ်းချက်များကို နိုင်ငံတော်၏ လိုအပ်ချက်အရ အခါအားလျော်စွာ ပြန်လည်သုံးသပ် ပြင်ဆင်ဆောင်ရွက်နိုင်သည်။

(၂၂) ကျွန်းစိုက်ခင်းတည်ထောင်လုပ်ကိုင်လိုသူများသည် ပုဂ္ဂလိကကျွန်းစိုက်ခင်းတည်ထောင်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သီးခြားလျှောက်ထားနိုင်ပါသည်။